မင်းသုံးပါးပွဲ ဇန်နဝါရီ ၇ ကြ် ၂၀၂၄

ဒီနေ့မှာ ဒုတိယကြီးမားတဲ့ ဘုရားကမိမိကိုယ်ကိုဖော်ပြခြင်းပွဲတော်ကို ကျင်းပကြပါတယ်။ ပထမဆုံးကြီးမားတဲ့ မိမိကိုယ်ကိုဖော်ပြခြင်းပွဲကတော့ ပြီးခဲ့တဲ့ဒီဇင်ဘာ ၂၅ ရက်နေ့က သူငယ်တော်အဖြစ် မိမိကိုယ်ကိုထင်ရှားပြခြင်း၊ တတိယထင်ရှားပြခြင်းကတော့ ဂျော်ဒန်မြစ်ထဲမှာ ရှင်ယောဟန်လက်ကနေ ဆေးကြောခြင်းမင်္ဂလာကိုခံယူခြင်း ဖြစ်ပြီး၊ စတုတ္ထထင်ရှားပြခြင်းကတော့ ရှင်ယောဟန်ဧဝံဂေလိကျမ်းတခုထဲမှာသာလျှင်တွေ့ရတဲ့ ကာနန်မြို့လက်ထပ်ပွဲမှာ ရေကနေ စပျစ်ရည်ကို ပြောင်းလဲစေခဲ့တဲ့ အကြောင်းများဖြစ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ပွဲကတော့ တိုင်းတပါး နိုင်ငံခြားသားများ၊ လုံးဝအပြင်လူများဟာ ဖွားမြင်လာတဲ့သူငယ်တော်ကို သွားရောက်ဖူးမျှော်တဲ့ပွဲကို ကျွန်ုပ်တို့ ကျင်းပကြခြင်းဖြစ်ပါတယ်။

(မာဂုပညာရှိ)–ထုံးတမ်းစဉ်လာ မင်းသုံးပါးလို့ပြောတဲ့အခါ အရေအတွက်အားဖြင့် သုံးဦးနဲ့ အမည်နာမအားဖြင့် ကာစ်ပါရ်၊ ဘာလ်သာစာရ်၊ မက်ခီးအော် တို့ဖြစ်ကြပါတယ်။ ကာစ်ပါရ်ဆိုရင် အသွေးအရောင်အားဖြင့် မဲနက်တဲ့ပုဂ္ဂိုလ်တဦးအဖြင့် ပုံဖော်ထားတာကို တွေ့ရပါတယ်။ ဒီလူသုံးဦးဟာ ဂျူးလူမျိုးမဟုတ်တဲ့သူတွေ၊ ပြင်ပအသိုင်းအဝိုင်းကနေ ခရစ်တော်ဆီကို သွားရောက်တဲ့လူတွေဖြစ်ပါတယ်။ အရှေ့တိုင်းကလာတယ်လို့ ကျွန်ုပ်တို့သိရပါတယ်။ ပါရှား၊ အရှေ့ပိုင်းဆီးရီးယား၊ ဒါမှမဟုတ် အာရေဗျတိုင်းနိုင်ငံက လာတာ ဖြစ်နိုင်တယ်ဆိုပြီး ပြောတာတွေရှိပါတယ်။

(အရှေ့တိုင်းကကြယ်)–

ခရစ်တော်ရဲ့ပုဂ္ဂိုလ်ထဲမှာရှိတဲ့ဘုရားဟာ ကမ္ဘာလောကတခုလုံးနဲ့သက်ဆိုင်တာကို ဒီနေ့ဧဝံဂေလိကျမ်းကနားလည်စေပါတယ်။ ကိုယ်တော်ရဲ့လူမျိုးထဲကတဲ့ ဘာသာရေးခေါင်းဆောင်တွေဟာ မက်ဆီးယားဘယ်မှာမွေးဖွားလာမလဲဆိုတာ သေသေချာချာသတိထားမိသော်လည်း ကိုယ်တော်ကို တွေ့မြင်နိုင်ဘို့ ဘာတခုမှ ကြိုးပမ်းအားထုတ်တာမျိုး မရှိပါဘူး၊ တကယ်တော့ ဂျေရုဆလင်နဲ့ဘက်သလင်ဟင်

တို့က တမြို့နဲ့တမြို့က သိပ်မဝေးလှပါဘူး။ ယောရှုတ်မင်းကျတော့ ကောက်သောအကြံနဲ့ သူ့ရဲ့စည်းစိမ်ရာထူးရာခံကိုထိပါးမှာစိုးရိမ်လို့ ကိုယ်တော်ကိုသွားရောက်ရှင်းလင်းသုတ်သင်ချင်ခဲ့ပါတယ်။ ဒီဝေးလံတဲ့အရပ်က ရောက်ရှိလာခဲ့တဲ့ ဘာသာပနိုင်ငံခြားသားတွေကျတော့ ကိုယ်တော်ကိုဖူးမျှော်ဘို့အတွက် ရောက်အောင်သွားခဲ့ကြပါတယ်။ ရ

ယောရှာယ ၆ဝး၆ မှာ– ရွှေ၊ လောဗန်၊ မူးရား တို့ကိုယူဆောင်လာမည်–

နောက်ပိုင်းထုံးတမ်းးစဉ်လာမှာ ဘာတွေ့ရသလဲဆိုတော့ ရွှေဆိုတာ ရှင်ဘုရင်ရဲ့အုပ်စိုးခြင်းကိုဖော်ညွှန်းပါတယ်။ လော်ဗန်ကတော့ ဘုရားရဲ့အဖြစ်တော်ကိုဖော်ညွှန်းပြီး၊ မူးရားကတော့ ကယ်တင်တော်မူခြင်းအတွက် ဒုက္ခစရိယာနဲ့ သေခြင်းကိုဖော်ညွှန်းပါတယ်။

(ပြင်ပလူမရှိ)–ဒီကနေ့ပွဲတော်က ဘုရားအတွက် နိုင်ငံခြားသား၊ တိုင်းတပါးသား၊ အပြင်လူဆိုတာမရှိဘူး ဆိုတာကျွန်ုပ်တို့ကိုသင်ကြားပါတယ်။

(ဘုရားဟာ မိမိကိုယ်မိမိလူမျိုးတကာတို့ဆီသို့ အသိပေးကြေငြာလိုက်ခြင်းဖြစ်ပါတယ်။ လူမျိုးတိုင်း၊ ဘာသာစကားတိုင်း ကိုယ်တော်ဘုရားရဲ့ကြိုဆိုခြင်းနဲ့ ချစ်ခြင်းကိုခံယူခွင့်ရရှိကြပါတယ်။ ပုပ်ဖရန်စစ် ၂၀၁၉ ဇန်နဝါရီ ၆)။

အားလုံးသောသူများဟာ တညီတညာထဲနဲ့ ဘုရားရဲ့သားသမီးများဖြစ်ကြပါတယ်။
အပေါ်အပြင်ထင်ရှားတဲ့ရုပ်သွင်သဏ္ဍာန်ကွဲပြားပေမဲ့၊
ယဉ်ကျေးမှုဓလေ့ထုံးစံကွဲပြား၍ပေမဲ့၊
တပါးတည်းသောဖခင်ရဲ့အုပ်စိုးမှုအောက်မှာရှိတဲ့ တစုတည်းသောမိသားစုအထဲမှာ ပါဝင်နေပါတယ် ဆိုတဲ့အချက်ကို သင်ကြားပေးပါတယ်။ ကျွန်ုပ်တို့အားလုံးဟာ ညီအစ်ကိုမောင်နှမများဖြစ်ကြပါတယ်။ လူမျိုးမတူညီခြင်း၊ ယုံကြည်ချက်ကွဲပြားခြင်း၊ လူ့ဘဝအဆင့်အတန်းနဲ့ လုပ်ငန်းကိုင်ငန်းမတူညီခြင်းကြောင့် ကျွန်ုပ်တို့ကွဲပြားရမယ်ဆိုတာ မရှိစေရဘူးဆိုတဲ့အချက်ကို ထင်ရှားစေပါတယ်။

ဘုရားဟာကျွန်ုပ်တို့နဲ့နီးကပ်စွာတည်ရှိနေပါတယ်ဆိုတဲ့အချက်ကို
ပိုပြီးနားလည်အောက်ကျွန်ုပ်တို့ကြိုးစားရမယ်။ ဒါဟာ တဦးနဲ့တဦးနီးစပ်ဘို့အတွက်
အကြောင်းရင်းဖြစ်ပါတယ်။ ဒီပွဲနေ့ရဲ့သင်ခန်းစာက
အထူးရွေးကောက်ခံထားရတဲ့လူမရှိတော့ဘူး၊ အပြင်လူဆိုတာလည်း မရှိတော့ပါဘူး။
ဆင်းရဲချမ်းသာ၊အခွင့်အရေးများစွာရရှိသူ၊အထီးကျန်ကူ၊ ကျန်းမာသူ၊ ဖျားနာသူ၊
ရဟန္တာ၊ အပြစ်သား အားလုံးတို့ဟာ ဘုရားသားသမီးဖြစ်ဘို့ ခေါ်ခြင်းခံရသူတွေဘဲ
ဖြစ်ပါတယ်။

သူတပါးကိုငြင်းပယ်ခြင်းများ၊ မေတ္တာတော်ကိုမဝေငှနိုင်ခြင်းများ၊
သူတပါးလေးစားခြင်းမပြုနိုင်ခြင်း စသည်တို့ဟာ မိမိကိုယ်ကိုမိမိ အပြင်လူဖြစ်အောင်
ပြုလုပ်လိုက်ခြင်းဖြစ်ပါတယ်။

နောက်တခုက ကျွန်ုပ်ရဲ့ဘဝမှာ ဘယ်အရာတွေရဲ့နောက်ကိုလိုက်ရမဲ့
ကြယ်တွေဖြစ်နိုင်မလဲ။ မင်းပညာရှိတွေက ကြယ်တော်ကိုတွေ့ပြီး
ထိုကြယ်ရဲ့နောက်ကိုလိုက်ခဲ့ကြပါတယ်။ ဂျေရုဇလင်မြို့ကလူတွေ
ကြယ်တော်နောက်ကို မလိုက်ခဲ့ကြပါဘူး။ ဒီအချိန်မှာ ဘုရားက ကျွန်ုပ်ကို
ဘယ်လိုဘယ်ပုံခေါ်နေပါသလဲ။ ဘယ်နေရာမှာ သူ့ကိုတွေ့မြင်နိုင်ဘို့အတွက်
ဘုရားက ကွန်ုပ်ကို ဖိတ်ခေါ်နေပါသလဲ။

ကျွန်ုပ်တို့အတွက်ကြယ်ကတော့ ကိုယ်တော်ရဲ့နှုတ်တော်ထွက်စကား၊
ကျွန်ုပ်တို့ရဲ့ရှေ့မှာ သခင်ဘုရားကိုရှာတွေ့ခဲ့ကြတဲ့ ရဟန္တာသူတော်သူမြတ်များ၊
တရားတော်အတွက်အသက်စွန့်သွားခဲ့ကြတဲ့ဓမ္မအာဇာနည်များဘဲ ဖြစ်ပါတယ်။

ဘယ်ဆီကိုသူတို့အားပို့ဆောင်သွားသလဲဆိုတာ မင်းသုံးပါးတို့မသိပါဘူး။
(ဆင်တူရိုးမားတခုက–တနေ့ဘာဖြစ်မလဲဆိုတာမသိပေမဲ့ မယ်တော်
ဘုရားရဲ့အလိုတော်ကိုလိုက်လျှောခဲ့တယ်။) မင်းပညာရှိသုံးပါးလဲဘဲ
ကြယ်တော်ဦးဆောင်တဲ့နောက်ကိုလိုက်ပြီး နောက်ဆုံးတော့ ဗက်သလင်ဟင်မြို့
အဲဒီကတဆင့် ခရစ်တော်ဆီကိုရောက်သွားခဲ့ကြပါတယ်။ သူတို့ရဲ့ဆုံးဖြတ်ချက်အပေါ်
နောင်တသံဝေဂရသွားတယ်ဆိုတာမတွေ့ရပါဘူး။

ကျွန်ုပ်တို့လဲဘဲ သခင်ဘုရားကိုတွေ့ဘို့အတွက်ခရီးမစရသေးဘူးဆိုရင် ဒီနေ့ဟာ ကျွန်ပ်တို့စတင်ရမဲ့နေ့ရက်ဖြစ်ပါတယ်။